မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 11 , 2025 Volume 96 , Number 6


၁၁-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၂၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၇.၆၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၉၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၆.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၈ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တရုတ်ဝယ်လိုအားကြောင့် ဆန်တန်ချိန် ၃ သန်း တင်ပို့မှုပြည့်မီနိုင်ရေးရည်မှန်း



တရုတ်နိုင်ငံရဲ့ ဝယ်လိုအားမြင့်မားမှု၊ EU က ပေးအပ်ထားတဲ့ အကောက်အခွန်အားသာချက်တွေနဲ့ ရေရှည်တည်တံ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ယခုဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

"ပထမ ၆ လမှာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို ပြည့်မီအောင် တန်ချိန် ၁ ဒသမ ၂ သန်း တင်ပို့ပြီးပါပြီ"လို့ ၎င်းက ပြောပါတယ်။

အောက်တိုဘာလကနေ ဇန်နဝါရီလအထိ မိုးစပါးရိတ်သိမ်းရာသီကို ဝင်ရောက်လာတာနဲ့အမျှ ကမ္ဘာ့ဈေးကွက်မှာယှဉ်ပြိုင်နိုင်စွမ်းရှိနေချိန်တစ်နှစ်တာရည်မှန်းချက်ကို ပြည့်မီစေဖို့ တင်ပို့မှုတွေကို အရှိန်မြှင့်တင်သွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာန (USDA) က ၂၀၂၅-၂၀၂၆ ခုနှစ် (ဇန်နဝါရီ-ဒီဇင်ဘာ) မှာ မြန်မာနိုင်ငံက ဆန်တန်ချိန် ၂ ဒသမ ၂ သန်း တင်ပို့မယ်လို့ ခန့်မှန်းထားပြီး ၂၀၂၄-၂၀၂၅ ခုနှစ်မှာ တင်ပို့မှုထက် ၅ ရာခိုင်နှုန်း တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။

USDA ရဲ့ တိုးမြှင့်ခန့်မှန်းချက်ဟာ ၎င်းတို့ရဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထားတဲ့အတိုင်း အဓိကဈေးကွက်တွေ အထူးသဖြင့် တရုတ်နိုင်ငံထံ ရောင်းချမှုတိုးလာခြင်းဖြစ်တယ်လို့ သိရပါတယ်။

MRF ရဲ့ ထုတ်ပြန်ချက်အရ ပထမ ၆ လအတွင်း ဆန်နဲ့ဆန်ကွဲ နှစ်မျိုးစလုံးက တရုတ်နိုင်ငံတစ်ခုတည်းက အရေအတွက်အများဆုံး ဝယ်ယူထားတာကို တွေ့ရပါတယ်။

S&P Global Platts ရဲ့ မြန်မာဆန်ဖြူ ၅ မှတ်ဆန်ကို အောက်တိုဘာလ ၃၁ ရက်နေ့မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၂၀ ၊ B1/B2 ဆန်ကွဲကို တစ်တန်ဈေး အမေရိကန်ဒေါ်လာ ၂၇၀ နဲ့ တန်ဖိုး ဖြတ် ခဲ့ပါတယ်။

Source : BETV Business

## အောင်လံ၌ မိုးများသဖြင့် မတ်ပဲစိုက်ချိန် နောက်ကျနေ



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှာ မုန်တိုင်းအရှိန်နဲ့ မိုးများစွာရွာသွန်းနေတာကြောင့် မတ်ပဲစိုက်ပျိုးချိန် နောက်ကျနေတယ်လို့ ဒေသခံတောင်သူတွေက ပြောပါတယ်။

မိုးများနေတဲ့အတွက် မတ်ပဲစိုက်မဲ့ တချို့လယ်ယာတွေက ရေမြုပ်နေပြီး တောင်သူအနည်းငယ်သာစိုက်ပျိုးကြရသေးတယ်လို့ အင်းပေါက်ကျေးရွာက တောင်သူတစ်ဦးက ပြောပါတယ်။

အောင်လံမြို့နယ်မှာ မတ်ပဲကို မိုးပဲတီစိမ်းသီးနှံလို အဓိက စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ အရင်နှစ်ကတော့ မတ်ပဲ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်း ရခဲ့တယ်လို့ ဆိုပါတယ်။

အခုအခါ မတ်ပဲမျိုးစေ့ တစ်ပြည်ကို ကျပ်တစ်သောင်းပေးဝယ်ကာ တောင်သူတွေ စိုက်ပျိုးနေကြရပြီး မိုးများတဲ့ အတွက် အထွက်နှုန်း လျော့ကျနိုင်တယ်လို့ တောင်သူတွေက ခန့်မှန်းနေကြပါတယ်။

အရင်နှစ်ကတော့ အောင်လံ ကုန်စည်ဈေးကွက်မှာ မတ်ပဲပေါ်ချိန် ၂၀ ပိဿာဝင်တစ်အိတ်ကိုကျပ် ၈၅,၀၀၀ ဈေးရှိခဲ့တယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၅-၁၁-၂၀၂၅ မှ ၈-၁၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၃၃,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၉၀၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၄၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၃,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၈,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၀,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄၀ လုံး (တန်ချိန် ၃၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၀၅ လုံး (တန်ချိန် ၂၅၈၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရွေတ်သီး( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရွေတ် (သစ်) AC ကျပ် ၇,၅၀၀ ၊ မြားနီ ကျပ် ၈,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၁,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၁,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၉,၀၀၀

ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပျော်ဘွယ်မိုးထောင် ကျပ် ၁,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ရေတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရေတ်ရှည်အိတ် ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ရေတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် ရေတ်ရှည်အိတ်ပေါင်း ၃၀၀ (၆,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးအသား (သစ်) ကျပ် ၅၀၀ ဈေး မြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးမှာ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၆၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၅၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၅၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၂၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများဈေးငြိမ် လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၅-၁၁-၂၀၂၅ မှ ၈-၁၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၉၀၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၄၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၇၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၃၅၀ ၊ မုံရွာလတ်သန့် ကျပ် ၉၀၀ နှင့် မုံရွာလတ်ချော ကျပ် ၅၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၅ စီး(၆၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၅ စီး (၅၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၃၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၉၀၀ (၁၁၇,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀ (၇၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၃၀၀ (၃၉,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၅၀၀၊ အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၆၈၀၀ နှင့် တရုတ်အာလူး ကျပ် ၆၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက် ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၆ စီး (၁၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၃ စီး( ၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကားစီးရေ ၁၃ စီး( ၇၈,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ဝက်သားဈေး မြင့်တက်နေသော်လည်း ဝက်အရှင်ဖမ်းဈေး ယခင်ထက်ကျဆင်းနေ



နေပြည်တော်ဈေးများအတွင်း ဝက်အသားဈေးများ မြင့်တက်နေသော်လည်း ဝက်ကြီးအရှင် ဖမ်းဈေး ယခင်ရနေကျထက် ကျဆင်းနေသဖြင့် နေပြည်တော်ဒေသတွင်းဝက်မွေးမြူသူများအရှုံးပေါ်နေကြောင်း ဝက်မွေးမြူသူများထံမှ သိရသည်။

“ဈေးထဲမှာဝက်သားဈေးတွေကြီးနေပေမဲ့ ဝက်သားပေါက်ဈေးနှုန်းနဲ့မွေးမြူရေးအစာဈေးနှုန်း မြင့်တက်နေပြီး ရောင်းတန်းဝင် ဝက်ကြီးအရှင် ဖြံဖမ်းဈေးကတော့ ကျဆင်းလာနေတာကြောင့်မွေးစရိတ်ကျွေးစရိတ်နဲ့တွက်တော့အမြတ်မရှိ အရှုံးပဲရှိတယ်၊ လောလောဆယ်ဝက်အနာတွေဝင်နေတော့အရှုံးခံရောင်းလိုက်ရတယ်” ဟု ဝက်မွေးမြူသူတစ်ဦးကပြောသည်။

လက်ရှိတွင်ဝက်အရှင်ဖမ်းဈေးကျဆင်းနေသော်လည်းရာသီဥတုအခြေအနေများကြောင့် ဝက်များဖျားနာမှုများရှိနေသဖြင့် ကျဈေးဖြင့်သာရောင်းနေရကြောင်း၊ပြီးခဲ့သည့်လပိုင်းများကဝက်အကြီးအရှင်ဖမ်းဈေးတစ်ပိဿာ ၂၀,၀၀၀ အထက်တွင် ရှိခဲ့ပြီး အသားဈေးများမြင့်တက်သွားသော်လည်းယခုအခါဝက် အကြီးအရှင်ဝယ်ဈေးမှာ တစ်ပိဿာ ၁၄,၀၀၀ မှ ၁၆,၀၀၀ အထိသာပေးဝယ်ကြကြောင်းဝက်မွေးမြူသူများထံမှသိရသည်။

**Source :** https://opinionleadersmedia.com/

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာ အများအပြား တင်ပို့ရောင်းချနိုင်



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာ ၅၀,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီးအောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးကြင်းပိဿာ ၇၀,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးကြင်းများကိုရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

''လက်ရှိ ငါးကြင်းဈေးကလည်း ကောင်းတယ်။ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာနဲ့ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေဝယ်လိုအား ကောင်းလာတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအား ကောင်းလာတာပါ။ ရန်ကုန်ဈေးကွက်ကို အောက်တို

ဘာလ ပထမပတ်လောက်ကတည်းက ငါးကြင်းတွေပိုပြီး တင်ပို့ခဲ့ရတယ်။တခြားငါးတွေလည်း ဝယ်လိုအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေဝယ်လို အားကောင်းလာပေမဲ့ ဈေးကမတက်ပါဘူး"ဟုငင်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ဒေသရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ရုရှား-ဗီယက်နမ် ရထားလမ်းချိတ်ဆက်နိုင်ရေး အကောင်အထည်ဖော်လျက်ရှိ

ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည်နှစ်နိုင်ငံကြားချိတ်ဆက်မှုများမြှင့်တင်ရန်အတွက် တရုတ်နှင့်မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေများကို ဖြတ်သန်းမည့် ရထားလမ်းချိတ်ဆက်မှုတစ်ခုထူထောင်ရန်အကောင်အထည်ဖော်လျက်ရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexey Overchuk က ပြောကြားခဲ့သည်။

တရုတ်နှင့် မွန်ဂိုလီးယားမှတစ်ဆင့် ဗီယက်နမ်သို့ ရထားလမ်းချိတ်ဆက်ရန် စိတ်ကူးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ယင်းအပြင် ရုရှား၏အရှေ့ဖျားဒေသဆိပ်ကမ်းနှင့်ဗီယက်နမ်ဆိပ်ကမ်းများကြားချိတ်ဆက်မှုများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းသည် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများပိုမိုထိရောက်စေရန်ဖြစ် ကြောင်း Mr. Alexey Overchuk က ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍတွင် မော်စကိုနှင့် ဟနွိုင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ပုံမှန်အတိုင်း ဆက်လက်တည်ရှိနေကြောင်း၊ ယင်းသည် ရုပ်ကြွင်းလောင်စာများနှင့် နျူကလီးယားစွမ်းအင်နှစ်ခုလုံးအတွက် အကျုံးဝင်ကြောင်း၊ ဗီယက်နမ်နှင့် မိတ်ဖက်ဆက်ဆံရေးသည် ရုရှားအတွက် ဦးစားပေးဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ရုရှားနှင့် ဗီယက်နမ်တို့သည် စွမ်းအင်၊ စက်မှုအင်ဂျင်နီယာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)အကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်(FTA)သည် ၂၀၁၆ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပြီးနောက် ရုရှား-ဗီယက်နမ်ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာတိုးတက်လာကာ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉၀ ရာခိုင်နှုန်းနီးပါး ပိုများခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနှင့် ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၉ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

**Source : https://www.kommersant.ru/doc/8159786**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## အိန္ဒိယသည် ပြည်တွင်းထုတ်လုပ်မှုလုံလောက်နေသောကြောင့် မြန်မာမှ ပဲတီစိမ်းနှင့်ပြောင်း တင်သွင်းမှုတိုးလာခြင်းကို တားဆီးနိုင်

ကမ္ဘာ၏ လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သော အိန္ဒိယသို့ များစွာသောနိုင်ငံများက ရောင်းချလိုသည့် ပဲတီစိမ်း(Moong)နှင့် ပြောင်း(Maize) များအတွက် အိန္ဒိယ၏ သွင်းကုန်မူဝါဒကို ပြည်တွင်း၌ ထုတ်လုပ်မှုများလုံလောက်နေမှုက လွှမ်းမိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဝန်ကြီးအဆင့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပဲမျိုးစုံကုန်သွယ်ရေးနှင့် မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်ရေးသဘောတူစာချုပ်(MoU)ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် လွန်ခဲ့သောအပတ်က အိန္ဒိယအစိုးရအရာရှိများနှင့်

တွေ့ဆုံခဲ့ကြောင်း CNBC–TV18 သတင်းဌာနက ဖော်ပြထား သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံက ၎င်း၏ပြည်တွင်းစိုက်ပျိုးရေးတိုးမြှင့်ရန် သဘောတူစာချုပ်တွင် ပဲတီစိမ်းနှင့် ပြောင်းဖူးပါဝင်ရေး အဆိုပြုခဲ့သော်လည်း အိန္ဒိယအစိုးရက အဆိုပါသီးနှံများသည် ပြည်တွင်းထုတ်လုပ်မှု လုံလောက်မှုရှိခြင်းကြောင့် သဘောတူစာချုပ်တွင် ထည့်သွင်းရန်စိတ်ဝင်စားမှုမရှိကြောင်း အစိုးရသတင်းအရင်းအမြစ်များက ညွှန်းဆိုခဲ့သည်။

ငါးနှစ်သဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံသည် ၂၀၂၁–၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅–၂၆ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်း အထူးသွင်းခွင့်ပြုထားသည်။ သို့ရာတွင် အစိုးရဆိုင်ရာ အရင်းအမြစ်များအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် မတ်ပဲနှင့် ပဲစင်းငုံပမာဏများသည် နှစ်စဉ်သဘောတူချက်ထားရှိသည့် ပမာဏထက် နှစ်စဉ် ပိုမိုနေကြောင်း၊ အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ် မေလမှစတင်၍ မတ်ပဲနှင့် ပဲစင်းငုံများကို ကန့်သတ်ချက်မရှိ တင်သွင်းခွင့်ပြုခဲ့ပြီး ယခုအခါ ဤမူဝါဒကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်ထားကြောင်း သိရသည်။

၂၀၂၄–၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ–မြန်မာနှစ်နိုင်ငံကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ တင်ပို့မှုသည် ဒေါ်လာ ၆၁၄ သန်းကျော်သာရှိသော်လည်း မြန်မာမှ တင်သွင်းမှုသည် ဒေါ်လာ ၁၅၃၃ သန်းခန့်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အိန္ဒိယသို့ တင်ပို့မှုသည် အိန္ဒိယမှ မြန်မာသို့ တင်ပို့မှုထက် ပိုမိုမြင့်တက်လာခြင်းမှာ အိန္ဒိယ အစိုးရက မတ်ပဲနှင့်ပဲစင်းငုံတို့ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ကန့်သတ်ချက်မရှိတင်သွင်းခွင့် ကြေညာခဲ့ပြီး နောက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ထပ်မံတိုးချဲ့ခဲ့သောကြောင့်ဖြစ်ကြောင်း၊ စုစုပေါင်းနှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၂၀–၂၁ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂၉ ဘီလီယံမှ ၂၀၂၁–၂၂ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈၉ ဘီလီယံ၊ ၂၀၂၂–၂၃ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇၆ ဘီလီယံနှင့် ၂၀၂၃–၂၄ ဘဏ္ဍာနှစ်တွင် ၁ဒသမ၇၄ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အိန္ဒိယသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ အိန္ဒိယသည် မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ တိရစ္ဆာန်မှထွက်ကုန်များ၊ကောက်ပဲသီးနှံများ၊ အစားအသောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ ဝါဂွမ်း၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် လျှပ်စစ်စက်ကိရိယာများအဓိကတင်ပို့လျက်ရှိပြီး တစ်ဖက်တွင်မူ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပဲမျိုးစုံ၊ သစ်ထွက်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များတင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

**Source: India resists rise in moong, maize imports from Myanmar due to ample domestic production, CNBC TV 18, 3 November, 2025.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,336 (Shares) | 18,148,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 246 | 2,126,600 | 33,109,694 | 288,054 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 1,921 | 6,713,500 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 11 | 85,800 | 10,400,986 | 81,128 |
| FPB | 00004 | 2,150 | -50 | -2.27% | 2,200 | 2,200 | 2,100 | 323 | 682,900 | 29,664,613 | 63,779 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 96 | 278,400 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 313 | 532,100 | 19,977,223 | 33,961 |
| AMATA | 00007 | 3,550 | -100 | -2.74% | 3,550 | 3,550 | 3,550 | 461 | 1,636,550 | 10,497,598 | 37,267 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 1,965 | 6,092,150 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 11th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.01 | -1.01 | -0.25% | 397.54 | 399.01 | 395.84 | 5,336 | 18,148,000 | 8 | 752,614 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 11th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 6,027 (Shares) | 20,013,750 (MMK) |

### Main Board

As of 1:00 p.m. 11th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,336 (Shares) | 18,148,000 (MMK) |

| MYANPIX | 399.01 ▼ 1.01 |
|---|---|
| Total Volume (shares) | 5,336 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,614 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 2,150 | ▼ 50 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 3,550 | ▼ 100 |
| MAEX | 00008 | 3,150 | ▲ 0 |

TIR